# Highlights from DVB Debate's Youth and State Building Show

## July 23, 2016

## "How does Youth Change Burma?"

"လူကြီးတွေက လူငယ်တွေကို ယုံကြည်ချက် မပုံအပ်နိုင်သေးဘူး"

မစုစန္ဒီကျော် - မန္တလေးတိုင်းဒေသကြီး လူငယ်ကွန်ရက်

---

"လူငယ်တွေရဲ့ အလုပ်အတွေ့အကြုံနဲ့ ပတ်သက်လို့က အမှန်က ကျနော်တို့ဆီက တက္ကသိုလ်တွေမှာက social workနဲ့ပတ်သက်လို့ လက်တွေ့လုပ်စရာ အချိန်တွေ field ဆင်းရတာတွေ မရှိဘူး။ ကျောင်းမှာ ဒါမျိုး လက်တွေ့လုပ်ရတာမျိုးတွေ ဖော်ဆောင်ပေးရင် အလုပ်မှာ လက်တွေ့အသုံးဝင်မှာပါ"

ဦးအောင်ကျော်မိုး - ညွှန်ကြားရေးမှူး(ကလေးနှင့်လူငယ်ဌာနခွဲ)၊ လူမှုဝန်ထမ်းဦးစီးဌာန

---

"လူငယ်မူဝါဒလုပ်နေတဲ့လူတွေကို ဖြစ်စေချင်တာက ဒီအစိုးရရဲ့ လူငယ်မူဝါဒဆိုတာမျိုးမဟုတ်ဘဲ ဘယ်အစိုးရတက်တက် ကျင့်သုံးလို့ရမယ့် နိုင်ငံရဲ့ မူဝါဒဆိုတာမျိုး ဖြစ်သင့်တယ်"

ဒေါက်တာ တေဇာဆန်း - ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်း ဦးဆောင်ကော်မတီဝင်

---

"လူငယ်တွေ ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာ လူကြီးတွေမပြောနဲ့ လူငယ်တွေကိုယ်တိုင်တောင် ဘာဖြစ်ချင်မှန်းမသိဘူး. လူကြီးတွေမှာကလည်း parenting capacity မပြည့်ဝတော့ လူငယ်တွေကို လိုက်ထိန်းချုပ်ရင်းနဲ့ လူငယ်တွေ လွတ်ထွက်ကုန်တယ်"

ကိုသီဟကျော်ဇင် - မန္တလေးတက္ကသိုလ်ကျောင်းသား

---

"အခုလို ပွင့်လင်းလာတဲ့ ခေတ်မှာတောင် ဘာသွားတွေ့ရလဲဆိုတော့ လူငယ်တွေအနေနဲ့ ပညာရပ်တခုကို သင်ယူတော့မယ်ဆိုရင်တောင် ဆရာရှိမှ သင်မယ်ဆိုတာမျိုးဖြစ်လာတယ်။ ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိဘူး၊ သူတို့ကိုယ်တိုင် သူတို့ အားမရဘူး"

ညိုထွန်းလူ - စာရေးဆရာ

---

"လူငယ်တွေဟာ အနာဂတ်ရဲ့ ခေါင်းဆောင်ဆိုတဲ့ စကားကိုတောင် ကျနော်ကတော့ ဘဝင်မကျဘူး။ အနာဂတ်ခေါင်းဆောင်ဆိုကတည်းက လက်ရှိအချိန်နဲ့ မသက်ဆိုင်ဘူး လို့ ပြောသလို ဖြစ်နေတယ်။

ခေါင်းဆောင်နေရာ ရအောင်ရော ဘယ်အဖွဲ့အစည်း၊ ဘယ်အစိုးရအဖွဲ့တွေက စွမ်းရည်မြှင့်သင်တန်းတွေ လုပ်ပေးနေလဲ?”

ကိုနေဝင်းနိုင် - ပရိသတ်

---

“လူငယ်ရေးရာမူဝါဒကို တနစ်အတွင်းရေးဆွဲမယ်ဆိုရင် တောင်တန်း၊ မြေပြန့်နဲ့ တိုင်းရင်းသားဒေသက လူငယ်တွေရဲ့ အသံအားလုံး ပါဝင်ခွင့်ရနိုင်ပါ့မလား စိတ်ပူတယ်”

မစုစန္ဒီကျော် - မွန္တလေးတိုင်းဒေသကြီးလူငယ်ကွန်ရက်

---